## "ကော်" ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်ခြင်းစနစ်ဆိုင်ရာနီးနှောဖလှယ်ပွဲထုတ်ပြန်ကြေငြာချက်

## " ဒို့ကော်၊ ဒို့ရဲ့ဘဝ၊ ဒို့ရဲ့အနာဂတ် "

**၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်။**

၂၀၁၉ ခုနှစ်၊ မေလ(၂၉) ရက်မှ (၃၀) ရက်နေ့အထိကျင်းပပြုလုပ်သော "ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်ခြင်းစနစ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များ၊ နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်များအပါအဝင် အဖွဲ့အစည်းပေါင်း (၅၆) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၅၁၉) ဦးသည် ကေအန်ယူ - ကရင်အမျိုးသားအစည်းအရုံးဘားအံခရိုင်၊ လေးဝါးတွင် ကော်သူးလေဒေသတွင်း တည်ရှိနေသော "ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်ခြင်းစနစ်၏ ရင်ဆိုင်နေရသောလက်ရှိစိန်ခေါ်မှုများနှင့် "ကော်" ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်ခြင်းစနစ်အား ပိုမိုအားကောင်းခိုင်မာလာစေရန်၊ အနာဂတ်တွင်အဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန်နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

"ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်မှုသည်စုပေါင်းပိုင်ဆိုင်ခြင်း၊ စုပေါင်းအသုံးပြုခြင်း၊ စုပေါင်းလိုက်နာဆောင်ရွက်ခြင်း၊ စုပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို အခြေခံသည့် မြေ၊ ရေ၊ သစ်တောနှင့် သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့စေရန်စီမံခန့်ခွဲခြင်းအပါအဝင် ဓလေ့ထုံးတမ်းတရားစီရင်ခြင်း၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်း၊ ဓလေ့ထုံးတမ်းကိုးကွယ်ယုံကြည်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ကို တန်ဖိုးထားခြင်းစနစ်များပေါင်းစပ်ထားသောအုပ်ချုပ်မှုစနစ်များပါဝင်သည်။

ထို့ပြင်"ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်မှုစနစ်တွင် မည်သည့်ပြင်ပဩဇာသက်ရောက်မှု တစ်စုံတစ်ရာမျှမရှိဘဲ ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝဖြင့် ကောင်းမွန်သည်ဒေသန္တရနယ်မြေစီမံအုပ်ချုပ်ခြင်း၊ တရားစီရင်ခြင်းစနစ်များရှိသည်။"ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်မှုစနစ်သည် တည်ငြိမ်အေးချမ်းမှုကိုဖြစ်စေပြီး ဌာနေတိုင်းရင်းသားများ၏အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ ပြည် ထောင်စုစနစ်အားတည်ထောင်ရာတွင် အထောက်အကူပြုစေသော ကိုက်ညီသည့်စနစ်ဖြစ်သည်။

ထို့ကြောင့် မြေ၊ သစ်တော၊ ရေနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရန် စုပေါင်းလိုက်နာ၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကိုအထူးပြုသည့်ကရင်ဓလေ့"ကော်"စီမံအုပ်ချုပ်မှုစနစ်ဆက်လက်တည်တံ့ခြင်းအလို့ငှာ ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒနှင့် သစ်တောမူဝါဒတွင် အသိအမှတ်ပြုထားပြီး စီမံအုပ်ချုပ်မှုစနစ်ကောင်းမွန်စွာ ပြန်လည်ဖွံ့ဖြိုးရန်နှင့် ထိရောက်စွာထိန်းသိမ်းကာကွယ်ထားရန်

လိုအပ်ပြီး ယနေ့ကာလအခြေအနေနှင့်လိုက်လျောညီထွေမှုရှိမည့် "ကော်"ရိုးရာဓလေ့မြေစီမံအုပ်ချုပ်စနစ်တရပ် ပေါ်ထွန်းရန် ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးမှ လုပ်ငန်းစီမံချက်များချမှတ်၍ အကောင်ထည် ဖေါ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုတေသနလေ့လာချက်အရ ကော်သူးလေနယ်မြေတွင် "ကော်"ရိုးရာဓလေ့ နယ်မြေစီမံအုပ်ချုပ်မှုစနစ် (၁၉၈) ကော်ရှိပြီး ထိုကော်များထဲမှ ကော် (၃) ကော်အား အသေးစိတ်လေ့လာမှု ပြုလုပ်ခဲ့ပြီးနောက်တွင် သုတေသနတွေ့ရှိချက်များအရ "ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်မှုစနစ်သည် အလွန်ကောင်းမွန်ပြီး ခေတ်စနစ်နှင့် ကိုက်ညီနေဆဲဖြစ်သည်ကို တွေ့ရှိရသည်။

"ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်မှုစနစ်အပါအဝင် တိုင်းရင်းသားများ၏ဓလေ့ထုံးတမ်းပေါ် အခြေခံသည့် စုပေါင်းမြေယာပိုင်ဆိုင်ကျင့်သုံးမှုစနစ်များကို ဖိနှိပ်ဆန့်ကျင်နေပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု၊ အနာ ဂတ်ဖက်ဒရယ်တည်ဆောက်မှုနှင့်ကိုက်ညီခြင်းမရှိသည့် မြန်မာနိုင်ငံအစိုးရ၏ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံ ခန့်ခွဲမှုဥပဒေအပါအဝင် အခြားမြေနှင့်ဆိုင်သည့်ဥပဒေများအား ဖျက်သိမ်းခြင်း၊ နှင့်ပြန်လည်ပြင်ဆင်သုံးသပ်ခြင်း များပြုလုပ်ရန် တိုက်တွန်းသည်။ ထို့အပြင် ငြိမ်းချမ်းရေးတည်ဆောက်မှုကို သော်လည်းကောင်း၊ ကော်ရိုးရာ ဓလေ့မြေယာစီမံအုပ်ချုပ်ခြင်းကိုသော်လည်းကောင်း အဟန့်အတားဖြစ်စေမည့် မြေတိုင်းဥပဒေ(မူကြမ်း)ကို ဆန့်ကျင်ကန့်ကွက်ပါသည်။

သို့ဖြစ်ပါသောကြောင့် ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးအုပ်ချုပ်မှုနယ်မြေအတွင်း ကေအဲန်ယူမြေယာ နှင့် သစ်တောမူဝါဒနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲခွင့်နှင့် "ကော်"ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်မှုစနစ်အား ပိုမိုအားကောင်းခိုင်မာလာစေရန် ထိရောက်စွာဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ခိုင်မာသည့် သံန္နိဋ္ဌာန်ချထားကြောင်း၍နီးနှောဖလှယ်ပွဲမှထုတ်ပြန်ကြေငြာအပ်ပါသည်။

ဆက်သွယ်ရန်

ပဒိုမန်းဘထွန်း - +၆၆ ၆၁၃၄၅၀၅၃၃

ပဒိုစောနေသဘလေး - + ၆၆၉၇၃၅၀၃၄၁၀

စောသူးကဘီး - + ၉၅၉၇၈၅၁၇၅၈၇၄